**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**နဝမနေ့ အစီအစဉ်**

**[ ၅–၈–၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၏ **နယ်စပ်ဒေသများ၌ တိုက်ပွဲများ ဖြစ်နေခြင်းကြောင့် စစ်ရှောင် ဒုက္ခသည်များအတွက် မည်သို့ ဆောင်ရွက်ပေးနေကြောင်းနှင့် တိုက်ပွဲများဖြစ်နေကြသော နှစ်ဖက် လက်နက်ကိုင်အဖွဲ့ အကြီးအကဲများထံသို့ ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ငွေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်ရှိ ပန်ဆပ်၊ လေယုံ၊ ဆုံကင်းကျေးရွာ အ.မ.ကကျောင်းများအား ဆောက်လုပ်ခဲ့သည့် AMC ကုမ္ပဏီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ လုပ်ငန်းအာမခံ စာချုပ် သတ်မှတ်အချိန်ကာလ မည်မျှချုပ်ဆိုထားပြီး ဆောက်လုပ်ပြီး**

**တစ်နှစ်အတွင်း ပျက်စီးနေခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျင်ဝမ်း၊ ဟိုပန် မဲဆန္ဒနယ်၏ **ဟိုပန်မြို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **ဆောက်လုပ်၍ မပြီးပြတ်သေးသော နန်းယွန်းမြို့အဝင် တိုင်းယောင်း (၁)တံတား၊ ချမ္မကောက် လုံကောင်းကျေးရွာနှင့် ဒုံဟီးမြို့ကြား ဒုံဟီးတံတား၊ ဒုံဟီးမြို့နှင့် ချန်ဖန်းကျေးရွာကြား ချောင်းဆုံတံတားတို့အား မည်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က **"ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့် ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း "** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဂ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။